# ကံနှင့်လူသား

## မုဒုံဆရာတော်

နေ့တနေ့ ဘုန်းကြီး ဆွမ်းဘုန်းပေးအပြီး မိမိနေထိုင်ရာ ကျောင်းဆောင်အပြန်လမ်းမှာ ဆရာတော်ဆရာတော်ဆိုတဲ့ ဆင့်ခေါ်သံကြားလို့ လှည့်ကြည့်လိုက်ပါတယ်၊ လက်အုပ်ချီနေတဲ့ ဒါယကာတဦးကို တွေ့လိုက်ရပါတယ်၊ ထိုသူကို ဘုန်းကြီး ကောင်းကောင်း မမှတ်မိပါဘူး၊ ဘယ်မှာများ တွေ့ဆုံခဲ့ဘူးတဲ့ ဒါယကာလဲလို့ စဉ်းစားကြည့်ပါတယ် အဖြေမထွက်လာပါဘူး၊ ထိုသူကတော့ ဘုန်းကြီးကို သိပုံမှတ်မိပုံပါပဲ၊ သူ့ကိုယ်သူလည်း မိတ်ဆက်ပါတယ်၊ တရားနာ ပရိသတ်တဦး ဖြစ်ကြောင်းနဲ့ မကြာသေးသော ရက်ပိုင်းက လူဆိုသည်မှာ အမည်ပေးပြီး ပြီးခဲ့သောရက်ပိုင်းက ဟောကြားသွားတဲ့ ဆရာတော်၏ တရားတော်ကို နာကြားရ၍ အလွန်ပင် နှစ်သက်မိပါကြောင်းနှင့် နာကြားသူအားလုံး သဘောကျ နှစ်ခြိုက်ကြောင်းတွေ အာဝဇ္ဇန်း ရွှင်ရွှင်နဲ့ ဘုန်းကြီးကို ခတ်မြှောက်မြှောက်ကလေး လျှောက်ထားနေပါတယ်၊ ကဲကဲ တော်လောက်ပါပြီ ဘုန်းကြီးရဲ့ခြေထောက်တွေ မြေကြီးနဲ့လွတ်သွားရင် ဒုက္ခတွေများကုန်ပါလိမ့်မယ်၊ အခြားကိစ္စ အထူးရှိပါသလားလို့ မေးလိုက်တော့မှ အထူးရယ်တော့ မဟုတ်ပါဘူးဘုရား သိချင်နေတဲ့ အကြောင်းတခု ရှိနေလို့ ဆရာတော်ဘုရား ခွင့်ပြုမယ်ဆိုပါလျှင် မေးလျှောက်ချင်လို့ပါတဲ့၊ ဒီလိုဆို လိုက်ခဲ့ပါလို့ပြောပြီး မိမိနေရာ ကျောင်းဆောင်ကို ခေါ်လာခဲ့ပါတယ်။

ပြုဘွယ်ကိစ္စများ ပြီးတယ်ဆိုရင်ပဲ ဒါယကာ ဘာကိုများ မေးလျှောက်ချင်တာလဲ သိချင်တာမေးပါ ဘုန်းကြီး ဖြေနိုင်ရင် ဖြေပေးရမှာပေါ့၊ မဖြေနိုင်ရင်တော့ ခွင့်လွှတ်ပေးပါ။

မှန်ပါဘုရား တပည့်တော်လျှောက်ပါမယ်၊ မင်းဟာ သိပ်ကံကောင်းတဲ့ လူတယောက်ဖြစ်တယ် မင်းရဲ့ လုပ်ဆောင်သမျှတွေအားလုံး အဆင်ပြေ အောင်မြင်နေတယ် စီးပွားရေးမှာ မင်းက top ပါပဲလို့ မိတ်ဆွေတွေအားလုံးက ချီးကျူးကြပါတယ်၊ သူတို့ပြောခဲ့ကြသလို တပြည့်တော်ကလည်း အစစ အရာရာ အောင်မြင်ချောမွေ့တယ်၊ အဆင်ပြေတယ်ပေါ့ဘုရား။ အလုပ်တခုကို လုပ်တော့မယ်ဆိုရင် မလုပ်ခင်ကထဲက အကျိုးနဲ့အပြစ် ဖြစ်နိုင်ခြေရှိ မရှိဆိုတာကို စဉ်းစားပြီး သုံးသပ်ပြီး အဲဒီအလုပ်ကို လုပ်သင့်လုပ်ထိုက်မှ တပည့်တော်က လုပ်လေ့ လုပ်ထ ရှိပါတယ်၊ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ဖြစ်ရင်လည်း ကြိုးကြိုးစားစား စိတ်ပါပါနဲ့ လုပ်တတ်ပါတယ်ဘုရား။

ကိုယ်လုပ်သမျှတိုင်း အဆင်ပြေ အောင်မြင်ချောမွေ့နေတာတွေဟာ အများသူငါ ပြောကြသလို ထင်မြင်ကြသလို တကယ်ပဲ ကံကောင်းခြင်းဆိုတာ ဟုတ်ပါသလားဘုရား၊ ဒါကို တပည့်တော် ရှင်းရှင်းသိချင်ပါသည် အရှင်ဘုရား။

အင်း ဒါယကာရဲ့မေးခွန်းက တိုတိုပြော တိုတိုဖြေပေးရင် ရနိုင်ပေမဲ့ တိုတိုဖြေပေးသင့်တဲ့ မေးခွန်းမျိုး မဟုတ်ဘူးလို့ ဘုန်းကြီး နားလည်ထားလိုက်ပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့ ဗုဒ္ဓဘာသာဝင်တိုင်းမှာ များသောအားဖြင့် ကံကို လက်ခံထားကြတယ် ကံကိုယုံကြတယ် အားကိုးကြတယ်၊ အရာရာ ကံကိုချည့် အလေးပေး ပြောဆိုတတ်ကြတယ်၊ ကံမကုန်သေးရင်စား ကံကုန်ရင်သွားတဲ့၊ ကံကောင်းရင်တချက်တဲ့ ကံမကောင်းရင်ပျက်တဲ့၊ ကံမဲ့စီမံ ကံရှိစံတဲ့၊ မကောင်းလည်းကံ ကောင်းလည်းကံလို့ ဆိုလိုတာပေါ့။ လောကရေးရာ အဆင်မပြေတဲ့အခါ ဖြစ်ချင်တာ မဖြစ်လာတဲ့အခါ လူမှုရေးဒုက္ခတွေ ကြုံလာတဲ့အခါ လူတွေက ဘာပြောတတ်ကြသလဲ ဒါယကာ။

ကံမကောင်းဘူးလို့ပဲ ပြောတတ်ကြပါတယ်ဘုရား။

အရာရာလည်း အဆင်ပြေလာရော ငါတော့ ကံကောင်းလာပြီ ကံကောင်းလာပြီပေါ့၊ ကျေနပ်လို့ ဝမ်းသာလို့

Document Produced by deskPDF Unregistered :: http://www.docudesk.com

ရှင်မြူးလို့၊ မြင်ကြတွေ့ကြတဲ့ ပတ်ဝန်းကျင်ကလည်း ဒီလူတော့ဖြင့် ကံကောင်းနေတယ်လို့ ပြောကြဆိုကြတယ်မဟုတ်လား။

ပြောကြပါတယ်အရှင်ဘုရား။ ဆရာတော်ဘုရား အဲဒါဟာ ကံရဲ့ သဘောတရားပဲ မဟုတ်ပါလားဘုရား။

ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့လို့ ကံကိုချည့် ပုံအောပြီး ချမပစ်ကြဖို့ကိုတော့ ဘုန်းကြီး ပြောချင်ပါတယ်။

တပည့်တော် တတ်လို့ သိလို့ နားလည်လို့တော့ မဟုတ်ဘူးနော်အရှင်ဘုရား မဃဒေဝလင်္ကာထဲမှာ ကြမ္မာမဲ့သား ထိုသူအားကို လူသားမက သိကြားမလည်း မရနိုင်စွာ သတ္တဝါတို့ ကံသာဖမိ ကံမရှိက ဉာဏ်ရှိတိုင်းမွဲ ကြံတိုင်းလွဲ၏လို့ တပည့်တော်လေ့လာခဲ့ဘူးလို့ပါ၊ သတ္တဝါတွေမှာ ကံသာအမိ ကံသာအဖ၊ ကံသည်သာ ဘဝတခုလုံးရဲ့ သော့ချက်ဖြစ်ကြောင်းကို ပြဆိုထားတာ မဟုတ်ပါလားဘုရား။

ဒါယကာက မဆိုးပါလား၊ မသိလို့မေးလျှောက်ရာက ဆွေးနွေးသလို ဖြစ်သွားပြီ၊ ဘုန်းကြီး သဘောကျပါတယ်၊ ပိုကျယ်ပြန့်သွားတယ်၊ ပြောရာဆိုရာ ဆွေးနွေးရာမှာ ပိုပြီး အဆင်ပြေသွားတာပေါ့။ လူတွေရဲ့သဏ္ဍာန်မှာ အဲဒီလို ကံကိုယုံတာ လက်ခံသင့်တာ မှန်သော် ကောင်းသော်လည်း ထိုကံကို အလွဲလွဲအားကိုးမှား အမှတ်မှားပြီး ယုံနေမိကြရင် လက်ခံနေမိကြရင်တော့ နောင်ဖြစ်လာမဲ့ သံသရာ အကျိုးဆက်က မလှပနိုင်တော့ဘူး။

ဘယ်လိုပါလဲဘုရား သိပါရစေ အရှင်ဘုရား။

ကိုယ့်ဒါယကာက မဃဒေဝကိုင်မှတော့ ဘုန်းကြီးလဲ မကိုင်လို့ မဖြစ်တော့ဘူး။ အဲဒီ မဃဒေဝလင်္ကာမှာပဲ ကံမွဲဉာဏ်နဲ့ မလုံ့မလ နတ်မမဘူး ကံနှင့်အကျင့် ညီသဖြင့်သာ ကျိုးခွင့်ပြီးမြဲ မညီလွဲက ဆင်းရဲရရုံ ဘေးသာကြုံ၏။ ကဲ ဒါယကာ သဘောရှင်းပါရဲ့လား။

သဘောမရှင်းပါဘုရား တပည့်တော် လည်ကုန်ပါပြီ။

အေး ကောင်းတယ် ဖိုးသူတော် မျက်စေ့လည်လေ ဆန်ရလေဆိုတာလို ဒါယကာလည်း သဘောမပေါက်လေ တရားနာရလေပေါ့ ဟုတ်လား။

တပည့်တော်အကျိုးများဖို့ပဲလို့ မှတ်ယူပါသည်ဘုရား။

သတ္တဝါတွေကို အကျိုးပြုပေးနေတဲ့ ကံဆိုတာ တခြားမဟုတ်ဘူး၊ မိမိကိုယ်တိုင် ပြုလုပ်တဲ့ အမူအကျင့်တွေကိုပြောတာ၊ ဒါယကာကိုယ်တိုင် တနေ့တနေ့ ဘာတွေလုပ်နေခဲ့သလဲ၊ စားဝတ်နေရေးနဲ့ အထွေထွေကိစ္စတွေပဲ မဟုတ်လား၊ တရက်ထဲလား နေ့တိုင်းလားဆိုတော့ တရက်လဲမဟုတ် နှစ်ရက်လဲမဟုတ် တလလဲမဟုတ် ရက်ပေါင်းများစွာ နေ့ပေါင်းများစွာ လပေါင်းများစွာ မသေမချင်းပဲ မဟုတ်လား။ စားဝတ်နေရေးနဲ့ အထွေထွေ ကိစ္စတွေကို ဒါယကာ ဘာတွေနဲ့များ ဘယ်လို လုပ်ဆောင်နေခဲ့ရပါသလဲ အဖြေပေးကြည့်စမ်းပါ။

စောစောက တပည့်တော် လျှောက်ထားခဲ့သလိုပါပဲ လုပ်ရမည့် ကိစ္စမှန်သမျှ စဉ်းစားတယ်၊ သုံးသပ်တယ်၊ ပြောဆိုတယ်၊ ကိုယ်တိုင်ကြိုးစား လုပ်ဆောင်ပါတယ် တခုမဟုတ် တခုပေါ့ အိပ်ရာထက အိပ်ရာဝင်သည့် အချိန်အထိပါဘုရား။

Document Produced by deskPDF Unregistered :: http://www.docudesk.com

ကောင်းပြီ စဉ်းစားတာကစိတ်နဲ့ ပြောဆိုတာကနုတ်နဲ့ ပြုလုပ်တာကကိုယ်နဲ့ ဘဝတခုလုံးမှာ စဉ်းစားကြည့်ရင် ဒီသုံးမျိုး ဒီသုံးပါးပဲ ရှိပါတယ်၊ အဲဒါ အလုပ်သုံးမျိုး ကံသုံးပါးပေါ့။ ဒီသုံးမျိုးကလွဲရင် လူတွေမှာ ဘာကိုမှ လုပ်စရာမရှိဘူး၊ လူတွေသည်ပင်မဟုတ်ပါဘူး သက်ရှိသတ္တဝါ အားလုံးတို့ရဲ့ နေ့စဉ်ပြုလုပ်မှုဟာ ဒီသုံးမျိုးပါပဲ၊ အပိုလဲမရှိသလို အလိုလဲမရှိပါဘူး။

ကိုယ်နဲ့ပြုလုပ်တာကို ကာယကမ္မ၊ နှုတ်နဲ့ပြောဆိုတာကို ဝစီကမ္မ၊ စိတ်နဲ့စဉ်းစားတာ တွေးတော ကြံစည်တာ မနောကမ္မပဲ။ လူတွေရဲ့အပြော ဝေါဟာရထဲမှာ ကံ ဆိုတဲ့အသံက ထင်ရှားရှိနေပေမဲ့ ဘုန်းကြီးတို့ စာပေထဲမှာကတော့ ကမ္မဆိုတာပဲရှိပါတယ်။ လူဝေါဟာရတခု အနေနဲ့ပြောရရင် အလုပ်ပါပဲ၊ အဲဒါကြောင့် ကိုယ်နဲ့ပြုလုပ်တာကို ကာယကံ၊ နှုတ်နဲ့ပြောဆိုတာကို ဝစီကံ၊ စိတ်နဲ့ ကြံစည် စဉ်းစားတာမှန်သမျှဟာ မနောကံတွေချည့်ပါပဲလို့ ပြောရမှာပေါ့။

အဲဒီ ကံ က ဆင်းရဲချမ်းသာ ဂုဏ်ရှိဂုဏ်မဲ့ အယုတ်အမြတ် အကြီးအငယ် မခွဲခြားဘူး၊ အကျိုးပေးစရာရှိခဲ့ရင် မျက်နှာမလိုက်ဘူး၊ ကောင်းတာပြုခဲ့ ပြောခဲ့ ကြံစီခဲ့ရင် ကောင်းတဲ့အကျိုးပေးလာတယ်၊ မကောင်းတာပြုခဲ့ ပြောခဲ့ ကြံစီခဲ့ရင် မကောင်းတဲ့ အကျိုးပေးလာတယ်၊ ကမ္မနိယာမ သဘောအရ ဆိုင်ရာအကျိုးကို မုချပေးသွားတာပါပဲ။ ဒါယကာ ဒါလောက်ပဲ သဘောပေါက်ထားလိုက်ပါအုန်း။

ကံတရားရဲ့ ဆိုင်ရာ အကျိုးပေးပုံတွေကို သဘောပေါက်ရအောင် နဲနဲ ထပ်ရှင်း ပြချင်ပါသေးတယ်။ ဘုရားရှင် လက်ထက်တော် အခါတုန်းက ရာဇဂြိုဟ်ပြည် ချမ်းသာကြွယ်ဝတဲ့ အမျိုးထဲမှာ ဇမ္ဗုက အမည်ရှိတဲ့ ပဋိသန္ဓေဒါလေးပါးနဲ့ ပြည့်စုံတဲ့ ရဟန္တာ တပါး ထင်ရှားရှိခဲ့ဘူးတယ်။ ထိုရဟန္တာ မထေရ်မြတ်ကြီးဟာ အတိတ်က အရိပ်ကံကြောင့် မွေးကထဲက အဟာရအဖြစ် သူ့အစာဟောင်းကို မက်မက်မောမော စားလာခဲ့ရတယ်၊ မိဘများကတော့ ငယ်သေး၍ နားမလည်သေး၍ မလိမ္မာမှု၍ ထင်ပါရဲ့လို့ နားလည်မှု ပေးခဲ့ကြပါတယ်။ အဝတ်အစား ဆင်ပေးသော်လည်း မဝတ်ပဲ ချွတ်ထားပြီး မြေပေါ်မှာပဲ အမြဲအိပ်တယ်။ သူဟာ အရွယ်ကြီးလာပေမဲ့ မစင်ကို စားနေတုန်းပါပဲ၊ မိဘများက ရိုက်ပုတ် ဆုံးမကြသော်လည်း တခဏသာပါ နောက် စားမြဲ စားတာပါပဲ။

မိဘများ အဆုံးအမကို မယူတော့လို့ သာသနာက ဆုံးမလျှင်ဖြင့် ရတန်ကောင်းပါရဲ့လို့ သူတို့ကိုးကွယ်ရာ အဝတ်မဝတ်တဲ့ တက္ကတွန်းများ နေတဲ့ကျောင်းကို ပို့ခဲ့ကြပါတယ်။ မိဘတို့ကတော့ လွတ်ပြီကျွတ်ပြီ အေးအေး ဆေးဆေး ဖြစ်သွားတာပေါ့။ မကျွတ်မလွတ် မအေးဆေးတာက ကျောင်းက တက္ကတွန်းတွေပါပဲ။ ဇမ္ဗုကမှာ မိဘများ ပြန်သွားကထဲက အိပ်ရာထဲ ခွေနေလိုက်တာ ထကို မထတော့ဘူး။ နေထိုင် ကောင်းဟန်မတူဘူး၊ မိဘများကို လွမ်းနေပုံ ရပါတယ်လို့ သနားနေကြတာ၊ ပြုစုစောင့်ကြည့်နေကြတာ၊ တကယ်တော့ သူကမစင် မစားရသေးလို့ ဒီလိုဖြစ်နေတာပါ၊ အဲဒါ မကောင်း ကျောင်းပို့ဆိုတဲ့ စကားဝေါဟာရပေါ့။

တက္ကတွန်းတွေက ဆွမ်းစားဖို့ခေါ်တဲ့ အခါတိုင်း မလိုက်ဘူး သူဟာ သူ့မစင်ဟောင်းကို လစ်တာနဲ့ စားတယ်။ သူ့မစင်ဟောင်း သူစားရတာ အားရကျေနပ်မှု မရလို့ တက္ကတွန်း များ စွန့်ထားတဲ့ မစင်တွင်းထဲကို ညညမှာ တိတ်တဆိတ် ဆင်းပြီး ကျေကျေနပ်နပ်ကြီး စားတော့တာပါပဲ။

အရှင်ဇမ္ဗုက မစင်စားနေတာကို တဦးတယောက်မျှ အတိအကျ မသိကြပါဘူး။ အတူနေ ပုဂ္ဂိုလ်တွေက အရှင်ဇမ္ဗုက အစားအသောက် နဲတာရယ်၊ ဒါယကာ ဒါယိကာမများ ဖိတ်ကြားတဲ့ ဆွမ်းကို တကြိမ်တခါမျှ လိုက်မစားတာရယ်၊ ကျောင်းမှာပဲ အမြဲတမ်း ချန်ချန် နေရစ်တာရယ်ကြောင့် တခုခုတော့ တခုခုပဲလို့

Document Produced by deskPDF Unregistered :: http://www.docudesk.com

သံသယစိတ် ဖြစ်နေကြပါတယ်။ တနေ့မှာ ဆွမ်းစားတခု ပေါ်လာလို့ တပါးမကျန် အကုန်ကြွကြမည်ဟု ဆိုသော်လည်း အကြောင်းတမျိုး ပြလို့ ငြင်းဆန်ပြီး ကျန်ရစ်ပါတယ်။ တက္ကတွန်းအားလုံး မြို့ထဲကို ဆွမ်းစားကြွပြီ ဆိုတာနဲ့ အရှင်ဇမ္ဗုက သူလုပ်နေကျ သူ့အလုပ်ကို စတင်တော့တာပါပဲ။

စူးစမ်းလိုတဲ့ တက္ကတွန်းတချို့က ကျောင်းကိုပြန်ပြီး တိတ်တဆိတ် ကြည့်ကြတဲ့အခါ အရှင်ဇမ္ဗုက မစင်တွင်းထဲမှာ မစင်စားနေတာ မျက်မြင်ကိုယ်တွေ့ တွေ့လိုက်ကြရတော့မှ အံ့ဩ တုန်လှုပ်စွာဖြင့် ´ဘုန်းတော်ကြီးမားတော်မူသည့် ဆရာဘုရား အရှင်ဇမ္ဗုက ကို ကယ်မ သနားတော်မူပါ´လို့ သူတို့ရဲ့ ဘုရားရှင်ကို တကြရတယ်၊ အဲဒီမှာပဲ အရှင်ဇမ္ဗုကရဲ့ ဘဝအချိုးအကွေ့ တမျိုးပြောင်းဖို့ ဖြစ်လာတော့ တာပေါ့။

မစင်စားကိုယ်တော် ဒီကျောင်းမနေရ၊ အတူနေသူများ သိက္ခာကျတယ်၊ ဒို့သာသနာတော်ကို စော်ကားတယ်၊ ကျောင်းနာမည် ပျက်တယ်၊ အရှင်ဂေါတမရဲ့ သာဝကတွေ သိသွားကြရင် တက္ကတွန်းတွေဟာ မစင်ပဟောင်းစားတယ်လို့ ပြောကုန်ကြတော့မယ်၊ ချက်ချင်းထွက်-ချက်ချင်းထွက်ပေါ့။ တက္ကတွန်းတွေ တောင်းဆိုလာကြပြီ။

ဇမ္ဗုက တက္ကတွန်းများ၏ အလိုဆန္ဒကိုသိပါ။ ဇမ္ဗုက သင်ဘယ်လိုမှ ဖြေရှင်းချက် မပေးပါနဲ့တော့။ သင်၏လုပ်ရပ်သည် အတူနေ ပုဂ္ဂိုလ်များနှင့် တက္ကတွန်း သာသနာတော်ကို ထိခိုက်တယ်။ သိက္ခာညှိုးနွမ်းစေတယ် ဆိုတာကို သင်သိမှာပါလို့ သူ့စိတ်က သူ့ကိုပြောနေပါတယ်။ ငါ့ရှင်တို့ ငါမသိလို့ လုပ်နေတာ မဟုတ်ပါဘူး၊ ကံဇာတ်ဆရာကြီးက အသင်္ခါရိက ကြာပွတ်ကြီးနဲ့ ရိုက်နှက် စေခိုင်းလေတော့ မငြင်းနိုင်ပဲ၊ ငြင်းပယ်ခွင့်မရှိတဲ့ ငါဟာ သိလျက်နဲ့ မှားနေရ တာပါ။ မစင်ကိုမြင်လျှင် ငါဘယ်လိုမှ ဆောက်တည်ရာ မရဘူး။ ငါ့ရဲ့ အကြောင်းကို ငါသာလျှင် အသိဆုံး ဖြစ်ပါတယ်။ ငါ့ရှင်တို့ ငါ့အားခွင့်လွှတ် နားလည်ပေးကြပါ ဆိုပြီး တက္ကတွန်းများ ဆန္ဒအရ ကျောင်းက အေးအေးဆေးဆေး ထွက်ခွာလို့ သွားပါတယ်။

ယခု ငါ၏ အမှားနဲ့ အမှန်ကို အရှင်ဂေါတမ မှတပါး သိနိုင်သူ ရှိမယ်မထင်ဘူး။ အရှင်ဂေါတမ မှတပါး ငါ့အား လမ်းမှန်ကို ညွှန်ပြနိုင်သူလည်း ရှိမယ်မထင်ဘူး။ ငါသည် ဂေါတမဘုရားထံသို့ သွားသင့်သည်၊ ဇမ္ဗုက အရှင်ဂေါတမထံသို့ သင်သွားပါလို့ ကောင်းကျိုး လိုလားသည့်စိတ်က အကြိမ်ကြိမ် တိုက်တွန်း နှိုးဆော်သော်လည်း ဇမ္ဗုကတက္ကတွန်းရဲ့ ခြေလှမ်းတွေဟာ လူအများ မစင်ပဟောင်းစွန့်ရာ မြို့ ပြင်ကို ဦးတည်လို့သာ သွားနေပါတယ်။

သူ့ရဲ့ မကောင်းမှု အတိတ်ကံတွေက ဘုရားရှင် ရှိရာကို မပို့ကြဘူး၊ သွားခွင့်လည်း မပေးကြဘူး။ မကုန်သေးတဲ့ ကံအကြွေးတွေကို ဒီဘဝမှာပင် အပြီးအကြေ ဆပ်ခိုင်းတော့မှာမို့ မစင်ပဟောင်းရှိရာ မစင်ပဟောင်းပေါ်ရာကိုသာ တွန်းပို့ပေးနေပါတယ်။ အဲဒီနောက် လူအများ မစင်စွန့်တဲ့ အနီးအနား ကျောက်ဖျာကြီးပေါ်မှာ တပါးတည်း အနှောင်အဖွဲ့မရှိ လွတ်လပ်စွာနေပြီး တွေ့သမျှ မစင်ပဟောင်းတွေကို စားနေတော့တာပါပဲ။

ကံတရားရဲ့ ထိုးနက်တုံ့ပြန်မှု ဒါဏ်ကို အများပြည်သူတို့ရဲ့ အပူဇော်ခံဘဝဖြင့် အဝတ်မဝတ်ပဲ ကံတုံ့ကံလှဲ့အရ ငါးဆယ့်ငါးနှစ်တိတိ ခံနေရရှာတယ်၊ ရင်နင့်ဘွယ်ရာ ကောင်းလိုက်တာနော် ဒါယကာ။

မှန်ပ့ါဘုရား တပည့်တော် စိတ်မချမ်းမြေ့လိုက်တာဘုရား၊ ဘယ်အကြောင်း တရားက နှိပ်စက်တာပါလဲဘုရား။

Document Produced by deskPDF Unregistered :: http://www.docudesk.com

သူပြုကျင့်လာခဲ့တဲ့ ကံပေါ့ ဒါယကာရဲ့၊ ရဟန်းသံဃာတွေအပေါ် မလိုမုန်းထားစိတ်နဲ့ ပြစ်မှားမိတဲ့ ဝစီပြစ်တွေပဲ။ အသက်ကြီးလို့ ပညာရှိလို့ ဂုဏ်ရှိလို့ ဘုရားဒါယကာ ကျောင်းဒါယကာကြီး ဖြစ်နေလို့ မျက်နှာလိုက်ပေးမယ် မထင်လေနဲ့၊ ပညာမဲ့သူ ဂုဏ်မဲ့သူမို့ ဥစ္စာမဲ့သူ ဉာဏ်နဲသူမို့ မျက်နှာမလိုက်ခြင်း မရှိဘူးဒါယကာ၊ ကိုယ်လုပ်လာခဲ့တဲ့ ကံက ဘုရား ရဟန္တာ ဖြစ်ရင်လည်း မျက်နှာမလိုက်ဘူး၊ လူဆင်းရဲမို့လို့ ဆိုပြီး သနားနေမှာ မဟုတ်ဘူး။ ကံကပေးတဲ့ အမွေကိုတော့ ကောင်းကောင်း မကောင်းကောင်း မွေးဖွားသည်မှအစ သေဆုံးသည့်တိုင်အောင် ယူကြရတာပါပဲ၊ အဲဒါ တဘဝ။

နောက်ပြီးတော့ ဘဝအသစ် စရပြန်တယ်၊ အဲဒီ ဘဝအသစ် စတာဟာ ပြီးခဲ့သော ဘဝဟောင်း၏ နောက်ဆုံးဖြစ်ခဲ့တဲ့ ကံကို အခြေပြုပြီးတော့ စရတာမို့- ဘုန်းကြီးတို့ ဒါယကာတို့ လက်ရှိဘဝ အရေးကြီးလှပါတယ်၊ သေခါနီးနဲ့ သေခါနီး ဖြစ်တဲ့ကံဟာ ပိုပြီးတော့ အရေးကြီးတယ် ဆိုတာကို နားလည်ထားဖို့ လိုအပ်ပါတယ်။

မကောင်းလည်းကံ ကောင်းလည်းကံလို့ ဆိုထားတာ မှန်ပေမဲ့ ကိုယ်လုပ်မည့် ကိုယ်ပြောမည့် ကိုယ်ကြံစည်မည့် အရာတွေကို၊ ဉာဏ်နဲ့ ဆုံးဖြတ်ပေးနိုင်ဖို့ လိုတယ်။ အကျိုးရှိလား မရှိလား ဆိုတာ စဉ်းစားရမယ်။ အကျိုးရှိတာ မှန်ရင်တောင် အချိန်အခါ လိုက်ပြီး သင့်တော်ရဲ့လား မတော်လား ထပ်ပြီး စဉ်းစားပေးရမယ်။ အကျိုးရှိတာ မှန်နေပေမဲ့ မသင့်တော်သေးရင် အချိန်အခါကို စောင့်ပေးရမှာဖြစ်တယ်။ သင့်လျော်တဲ့ အချိန်မှ ထိုအကျိုးရှိတဲ့ လုပ်ရပ်ကို အကောင်အထည် ဖော်သင့်ပါတယ်။ ဘုန်းကြီး ယခု ပြောနေတာတွေဟာ ဘုရာရှင်၏ အဆုံး အမ တွေပါပဲ။

ကံဆိုတာ အကျင့်ကိုမူတည်ပြီး ကောင်းမကောင်း ကွဲသွားတာ။ အကျင့်ကောင်းမှ ကံကောင်းတာ၊ အကျင့်ညံ့ရင် ကံညံ့တာပါပဲ။ များသောအားဖြင့် လူတွေက အိပ်ရာထဲမှာပင် ငါကံဆိုးလိုက်တာ- ကံဆိုးလိုက်တာလို့ ငြီးညူနေကြတာ၊ ကံကောင်းအောင် ဘာကို လုပ်ရမယ်ဆိုတာ မစဉ်းစားကြဘူး။ ဘုန်းကြီးပြောချင်တာက ကံကိုချည့် ပုံမထားနဲ့၊ ကံကိုချည့် မယုံစားနဲ့၊ ဉာဏ်နဲ့ ဝိရိယကိုလည်း ထုတ်သုံးပါအုန်းလို့။ ဉာဏ်နဲ့ဝိရိယ ပါရင် ရှိရင် တချို့ မကောင်းတဲ့ အတိတ်ကံ အကျိုးပေးများဟာ ပျောက်သွားတာ ပျက်သွားတာတွေ အများကြီးပါ။

ဘုန်းကြီးတို့ ဘုရားရှင်က ကံကို ဒီလိုတမျိုး ဥပမာ ပြပေးထားပါတယ်၊ "ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ" မျိုးစေ့တခုကို စိုက်ပျိုးတယ် ဆိုပါစို့ စိုက်ပျိုးလိုက်တဲ့ မျိုးစေ့အတိုင်း အပင်ဖြစ်လာပါတယ်၊ ပြောင်းလွဲပြီး ဖြစ်မလာပါဘူး။ စောစောက ပြောခဲ့ကြသလို ကိုယ်ပြုခဲ့တဲ့ ကံတရားက ကောင်းရင် ကောင်းသလို၊ ဆိုးရင် ဆိုးသလို အကျိုးက လိုက်ပေးတာ။ လှည်းကိုဆွဲသွားတဲ့ နွားရဲ့ခြေရာနောက်ကို လှည်းဘီးက ထပ်ချပ်မကွာ လိုက်နေသလိုလေ- ကံတရားဆိုတာ ရေသွားရင် ရေမှာ၊ ကုန်းသွားရင် ကုန်းမှာ၊ ကောင်းကင်မှာသွားလဲ ကောင်းကင်မှာ လိုက်အကျိုးပေးတာပဲ။

အကျိုးပေးပုံက ယခင်ပြုခဲ့တဲ့ ဖြစ်ခဲ့တဲ့ ကံလုံ့လအပေါ် ပြုလုပ်မှုအပေါ် စိတ်ကူးစဉ်းစား ဆောင်ရွက် ပြောဆိုမှုအပေါ် အခြေချ မူတည်ပြီး နဲနဲများများ ကြီးကြီးသေးသေး ပုံစံအမျိုးမျိုးနဲ့ လိုက်တာပါ။ ယခုကြည့်လေ အရှင်ဇမ္ဗုကရဲ့ နောက်ကို လိုက်နေတဲ့ ကံက ဘယ်လောက် ဆိုးသလဲလို့၊ သူလုပ်နေတာ သူမသိတာ မဟုတ်ဘူး၊ သိနေတယ်။ ဒါပေမဲ့ သူ၏ ကံက ဉာဏ်မပေါ်အောင် ပိတ်ထားတယ်။ ယခု အရှင်ဇမ္ဗုက တွေ့ကြုံနေရတဲ့ ရင်နင့်ဘွယ်ရာ ဖြစ်ရပ်က ဘဝတခုမှာ သူကိုယ်တိုင် စိုက်ပျိုးခဲ့တဲ့ အသင်္ခါရိက ကံမျိုးစေ့ပေါ့။

မှန်ပါဘုရား အရှင်ဇမ္ဗုကရဲ့ အသင်္ခါရိက ကံတရား၏ ရက်စက်မှု အကြောင်းအရာကို သတိသံဝေဂ ပွားချင်ပါတယ်ဘုရား။

Document Produced by deskPDF Unregistered :: http://www.docudesk.com

ကောင်းပြီလေ အချိန်ရသလောက် ဘုန်းကြီး ပြောပြပါမယ်။

Document Produced by deskPDF Unregistered :: http://www.docudesk.com